ဓမ္မလမ်းတရားစဉ်

# ဝဋ်သုံးပါး လည်ခြင်း ရပ်ခြင်း



ဒေါက်တာကြည်ကြည်မြင့်

“ဝိသုဒ္ဓိမဂ်”

ဓမ္မလမ်း ဝိပဿနာသင်တန်း

၁

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"
ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား
ဤစာစုဖြင့် ရှိသေစွာ ကန်တော့ပါ၏။

# ဝင်္ဂသုံးပါး လည်ခြင်း ရပ်ခြင်း

**ဒေါက်တာကြင်ကြင်မြင့်**
**"ဝိသုဒ္ဓိမဂ်"**
**စမွှလမ်း** ဝိပဿနာသင်တန်း

## “ဝဋ်သုံးပါး လည်ခြင်း၊ ရပ်ခြင်း”

မြတ်စွာဘုရား (၄၅) ဝါအတွင်း တရားတွေ ဟောကြားခဲ့သည်မှာ ဝေနေယျ သတ္တဝါတွေ ဆင်းရဲ ခပ်သိမ်း ချုပ်ငြိမ်းဖို့ဖြစ်ပါတယ်။ ပဋိသန္ဓေ၊ မွေး၊ အိုနာသေ၊ ရောဂါအထွေထွေနဲ့ အမြဲပြုပြင် ယုယကျွေးမွေးပြုစုရတဲ့ ခန္ဓာဆင်းရဲနဲ့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေကြောင့် ဆင်းရဲရတဲ့ ကိလေသာဆင်းရဲတို့ဟာ **“အမှန်မသိမှု”** ကြောင့် ဖြစ်ရကြောင်း၊ ဒီလို အမှန်မသိမှုဟာလည်း **“အစွဲကိလေသာ”** ရှိနေ၍ ဖြစ်ကြောင်း၊ အစွဲကိလေသာတွေဟာ **“အကိန်းဓါတ်”** တွေအဖြစ် သတ္တဝါတွေရဲ့ စိတ်အစဉ်မှာ

ကိန်းပြီးလိုက်ပါလျက်ရှိကြောင်းကို သဗ္ဗညုတဉာဏ်တော်ကြီးနှင့် ဟောဖော်ညွှန်ပြခဲ့ပါတယ်။ ဒီအစွဲကိလေသာတွေကိုလည်း **"အနုသယကိလေသာ"** လို့ နာမည်ပေးခဲ့ပါတယ်။

ဒီအစွဲကိလေသာတွေဟာ ပရမတ်တရားတွေ ဖြစ်တာကြောင့် မျက်စိနဲ့လည်း မမြင်နိုင် လက်ဆုပ်လက်ကိုင်လည်း မပြနိုင်ပါဘူး၊ လျှပ်စစ်ဓါတ်ရှိကြောင်း၊ မီးလင်းခြင်း၊ ပန်ကာလည်ခြင်း လက္ခဏာများမှတဆင့် သိရသလို အစွဲကိလေသာတွေရှိကြောင်းကိုလည်း လက္ခဏာမှတဆင့် ဆင်ခြင်ပြီး သိရပါတယ်။ ဒီလက္ခဏာကတော့ **"ပုဂ္ဂိုလ်သတ္တဝါ၊ ဒြပ်ဝတ္ထု အခိုင်အမာ အစွဲအယူရှိခြင်း"** ပဲ ဖြစ်ပါတယ်။

**"အားလုံးသော အကျိုးတရားသည် အကြောင်းကြောင့်သာဖြစ်သည်"** ဟု မြတ်စွာ

ဘုရားဟာ အနတ္တဝါဒကို ဖွင့်ဟကြေညာခဲ့ပါသည်။ ဤကြောင်းကျိုးဆက်ဖြစ်စဉ်ကို ဝေနေယျသတ္တဝါများနားလည်အောင် သစ္စာလေးပါး ဓမ္မစကြာတရား၊ အနတ္တလက္ခဏသုတ်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နှင့် ပဋ္ဌာန်းတရားတော်များကို ဟောကြားရှင်းပြခဲ့ပါသည်။ မည်သည့်တရားမှ အကြောင်းကင်း၍ မဖြစ်သည်ကို ရှင်းရှင်းလင်းလင်းသိစေခဲ့ပါသည်။

ဝဋ် (၃) ပါး တရားသည်လည်း ပဋိစ္စသမုပ္ပါဒ်ဟောစဉ်ထဲမှ ဒေသနာတစ်ခုပဲ ဖြစ်ပါတယ်။ သတ္တဝါတွေကို ကိလေသာအစွဲလွတ်ပြီး ဝဋ်ဒုက္ခ သံသရာမှ လွတ်မြောက်စေရန် ဟောကြားခဲ့ခြင်း ဖြစ်ပါတယ်။

## ဝဋ်

ပါဠိလိုအားဖြင့် **"ဝဋ္ဋ"**၊ မြန်မာလို **"ဝဋ်"** ဆိုသည်မှာ **"လည်နေခြင်း"** လို့ သဘော ပေါက်ကြပါတယ်။ ပထမပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ

သီလာနန္ဒဘိဝံသရဲ့ အဘိဓမ္မာစာအုပ်မှာ ဖွင့်ဆိုထားတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်လေးကို မျှဝေခြင်ပါတယ်။

**ဝဋ် ။ ။ တပြောင်းပြန် ပြန်လည်အောင် လှည့်ပတ်တတ်သော သဘောကို "ဝဋ်" လို့ ခေါ်ပါတယ်။**

အကြောင်းတရားတွေ ပြည့်စုံလျှင် အကျိုးတရားဟာ သူ့သဘောသူဆောင်ပြီး မရှိရာမှ အသစ်၊ အကျိုးနှင့် လျှော်စွာဖြစ်ပေါ်လာခြင်းဟာ အနတ္တသဘာဝဖြစ်ပါတယ်။

အကျိုးတရားမှ အကြောင်းတရားများ ပြန်ဖြစ်ခြင်းသည် အတ္တဖြစ်စဉ်ဖြစ်ပြီး သံသရာလည်စေပါတယ်။

## ဝဋ် (၃) ပါး

ဝဋ် (၃) ပါး ရှိပါသည်။

၁။ ကိလေသဝဋ်

၂။ ကမ္မဝဋ်

၃။ ဝိပါကဝဋ္ဋ

## ၁။ ကိလေသဝဋ္ဋ

ကိလေသဝဋ္ဋသည် အကိန်းဓါတ် ကိလေသာများ ဖြစ်ပါသည်။ ကိလေသာ အမြစ်သဖွယ်ဖြစ်ပါသည်။ **"အနုသယကိလေသာ"** ဟု မြတ်စွာဘုရားက အမည်ပေးခဲ့ပါတယ်။

ဤဝဋ္ဋတွင် ပါဝင်သည့် အကိန်းဓါတ် ကိလေသာများမှာ-

## "အဝိဇ္ဇာ"

**"အမှောင်"** သဖွယ်ဖြစ်၍၊ အမှန်တရားကို ဖုံးကွယ်ကာ အမှားကို သိမြင်စေပါသည်။ ရုပ်နာမ်များကို ရုပ်နာမ်ဟု အမှန်မသိဘဲ ပုံသဏ္ဌာန်၊ အမည်၊ ဒြပ်ပြု၍ ပုဂ္ဂိုလ်သတ္တဝါ ငါဟု အသိမှားနဲ့ စွဲယူစေပါသည်။ အဝိဇ္ဇာကို အကောင်းဆုံး ဥပမာပေးရပါလျှင် ဘုရားပွဲဈေးတန်းတွင် တွေ့ရသော ရှုံ့နှင့်ပြုလုပ်ကာ

ဆေးချယ်ထားသော မင်းသားရုပ်လေးများနှင့် ကလေးငယ်တို့ ဖြစ်စဉ်ကို ပြရပါမည်။ အရုပ်လေးများသည် ရွှံ့နှင့်ပြုလုပ်ထားပြီး မခိုင်မာသဖြင့် မကောင်းကြောင်း၊ မလိုချင်ပါရန် လူကြီးမိဘက မည်သို့ပင်တားပါစေ၊ အရောင်အသွေးစုံမက်ဖွယ်ရှိသဖြင့် ကလေးငယ်များက စွဲလမ်းနှစ်သက်ကာ လိုချင်ကြပါသည်။ ထိုနည်းတူစွာ မမြဲမခိုင် နှစ်သက်ဖွယ်မရှိသော ရုပ်နာမ်များကို ဆင်းရဲ အမှန်ဖြစ်၍ မလိုချင်ရန်၊ ဘုရားရဟန္တာများက မည်သို့ပင်ဆုံးမစေကာမူ ပုထုဇဉ်လူများတို့က ရုပ်နာမ်များကို နှစ်သက်စွဲလမ်းကာ ရရာရကြောင်း ကုသိုလ်ပြု၍ လူ နတ်ဘဝများ တောင်းဆိုအားထုတ် နေကြခြင်းမှာ အဝိဇ္ဇာ၏ အမှောင်ဖြင့် ဖုံးလွှမ်းထားခြင်းကြောင့်ပင်ဖြစ်ပါသည်။ ရုပ်နာမ်မမြင်ဘဲ ရဟန်းဟုစွဲယူပြီး ရဟန်းဘဝရရန် အားထုတ်နေခြင်းမှာလည်း

အဝိဇ္ဇာကြောင့်ပင် ဖြစ်ပါသည်။

**တဏှာ**

အဝိဇ္ဇာဖုံးအုပ်ထားခြင်းကြောင့် အမှန်မသိသဖြင့် ပုဂ္ဂိုလ်သတ္တဝါစွဲယူကာ တဏှာက နှစ်သက်တပ်မက်ပါသည်။ နှစ်သက်မှုကြီးထွားလာပါက ဥပါဒါန် အစွဲဖြစ်လာပါသည်။ ဥပါဒါန်စွဲလမ်းမှုမှာ ဆာလောင်နေသောမြွေက ဖားကို မလွှတ်တမ်း ခဲထားသလို အမှားကို မလွှတ်တမ်း စွဲတတ်ပါသည်။

ဤသို့ဖြင့် **"စွဲလမ်းတယ်"** ဖြစ်ကာ မိမိအလိုအတိုင်းဖြစ်စေရန် ကာယ၊ ဝစီ၊ မနောဖြင့် ကံတွေကျူးစေပါသည်။ **(ဥပါဒါနပစ္စယာ ကမ္မဘဝ)**

## ၂။ ကမ္မဝဋ်

ကိလေသဝဋ်မှ **"အမြစ်"** ကိလေသာများမှ လောဘ ဒေါသ မောဟ ကိလေသာများ အပင်ပေါက်ပြီး

ပုဂ္ဂိုလ်သတ္တဝါ အစွဲအယူနှင့် ကာယ၊ ဝစီ၊ မနော (စေတနာ) တို့ဖြင့် အားထုတ်သောအခါ ကုသိုလ်၊ အကုသိုလ်ကံများ (ကမ္မဘဝ) မြောက်ပါသည်။ ဤကံများမှာ ကမ္မဝဋ်ဖြစ်ပါသည်။ မနောကံ (ပရိယုဋ္ဌာနကိလေသာ) ဖြစ်လျှင်ပင် ဝဋ်လည်ပြီး ဖြစ်ပါသည်။

**<u>"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ"</u>**

စေတနာမှာ စေတသိက်တရားဖြစ်၍ ပေါ်ပြီး ချုပ်ပါသည်။ သို့သော် **"ကံသတ္တိ"** များ ကျန်ပါသည်။ ဤကံသတ္တိနှင့် ကိလေသာအစွဲများ ပေါင်းကာ နောက်ဘဝ နောက်ခန္ဓာ တည်ဆောက်ပေးပါသည်။ ဤရရှိလာသော အကျိုးခန္ဓာကြီးမှာ **"ဝိပါကဝဋ်"** ဖြစ်ပါသည်။

## ၃။ ဝိပါကဝဋ်

ကံနှင့် ကိလေသာအကြောင်းကြောင့် ရရှိလာသော အကျိုး **"ဝိပါက"** ဘယ်ဆီဘယ်ဝယ် အကျိုး

ပေးမည်ဆိုတာကိုလည်း သတိထားရပါမည်။ မျိုးစေ့နှင့် အပင် ဖြစ်စဉ်အတိုင်း သရက်စေ့စိုက်လျှင် သရက်ပင်ပဲပေါက်မည် ဖြစ်ပါသည်။

အကြောင်း → အကျိုးဝိပါက

(ကံ + ကိလေသာ) (ခန္ဓာ (၅) ပါး ရုပ်နာမ် ၂ ပါး)

ပုဂ္ဂိုလ်သတ္တဝါအစွဲအယူနှင့် ပြုသော ကောင်းမှုကုသိုလ်ကံများသည် လူ၊ နတ်၊ ဗြဟ္မာဘုံများတွင် အကျိုးပေးပါသည်။ လူချမ်းသာ၊ နတ်ချမ်းသာတို့သည်လည်း **“ခန္ဓာ”** ရရှိမှု မလွတ်သေး၍ အိုနာသေဘေးနှင့် ငိုရတာတွေလည်း ရှိဦးမည်ဖြစ်ပါသည်။ **“၃၁”** ထောင်တွင် **“ထောင် ကောင်းများ”** နှင့် တူပါသည်။

ပုဂ္ဂိုလ်သတ္တဝါအစွဲအယူနှင့်ပြုလုပ်သော အကုသိုလ်ကံများကမူ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ

အသူရကာယ်များ အဖြစ် ခန္ဓာပြန်ရကာ အကုသိုလ်နှင့် သံသရာလည်ကြရမည်ဖြစ်ပါသည်။ (ထောင်ညှံ့များ)

သို့ဖြစ်ပါ၍ ပုဂ္ဂိုလ်သတ္တဝါ အယူအစွဲရှိနေလျှင် (၃၁) ဘုံထဲတွင် (၃၁ ထောင်ထဲတွင်) ဘဝအကျဉ်းသားများအဖြစ်နှင့် သံသရာလည်ကြရမည် ဖြစ်ပါသည်။

ပုဂ္ဂိုလ်သတ္တဝါ အယူကင်းပြီး သမ္မာဒိဋ္ဌိအယူမှန်ဖြင့် ပြုလုပ်သော ကုသိုလ် (ဝိပဿနာ ကုသိုလ်၊ မဂ်ကုသိုလ်) များသည် ပုဂ္ဂိုလ်သတ္တဝါလွတ်သော နိဗ္ဗာန် (ရုပ်နာမ်ငြိမ်းသော နိဗ္ဗာန်) သို့ ရောက်ရှိမည် ဖြစ်ပါသည်။

ဤအကျိုးဝိပါကဝဋ်တွင် ခန္ဓာ (၅)ပါး ရရှိသဖြင့် ဒွါရခြောက်ဖြာ (သဠာယတန) ပါရှိရာ သက်ဆိုင်ရာ အာရုံများနှင့်တိုက်ကာ နေ့စဉ် အလုပ်(၆)မျိုးကိုပြုလုပ်ပါသည်။ အသက်အရွယ်မရွေး၊ ကျား မ မရွေး၊ ဆင်းရဲ ချမ်းသာ၊ ဘာသာမရွေး၊ ဤ အလုပ် (၆) မျိုးကို နေ့စဉ်ပြုလုပ်ကြပါသည်။

**ကံဟောင်းကြောင့်**

| | | | | | |
|---|---|---|---|---|---|
| မျက်စိ | + | အဆင်း | = | မြင်စိတ် | (မြင်တယ်) |
| နား | + | အသံ | = | ကြားစိတ် | (ကြားတယ်) |
| နှာခေါင်း | + | အနံ့ | = | နံစိတ် | (နံတယ်) |
| လျှာ | + | အရသာ | = | စားစိတ် | (စားတယ်) |
| ကိုယ် | + | အထိ | = | ထိစိတ် | (ထိတယ်) |
| မနော | + | အတွေး | = | တွေးစိတ် | (တွေးတယ်) |

(နေ့စဉ် အလုပ် ၆-မျိုး)

ထို့ကြောင့် မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ တွေးတယ် ဆိုသောအလုပ်များသည် ဝိပါက၏ လုပ်ငန်းများဖြစ်ပါသည်။

**“ဝဋ်သုံးပါးနှင့် သံသရာ”**

လောကတွင် သူတပါးကို မကောင်းလုပ်ထားလျှင် တစ်နေ့တွင် မိမိမှာ ဝဋ်လည်မည်၊ သူတပါးကို အကြွေးဆပ်စရာလျှင် နောင်ဘဝမှာ **“သူ့အိမ်မှာ**

**ခိုင်းနွား"** ဖြစ်လိမ့်မည်။ လူတစ်ယောက်ကို **"ထော့ကျိုး"** ခေါ်လျှင် နောက်ဘဝမှာတော့ ထော့ကျိုးဖြစ်လိမ့်မယ် ဆိုပြီး ဘဝကူးကာ ဝဋ်လည်သည်ကို ပြောဆိုလေ့ ရှိကြပါသည်။ ဆိုးဆိုးဝါးဝါးအမှုမှာ ဒီဘဝတောင် ဝဋ်လည်မယ်နော်လို့ ပြောကြပါသည်။ **"ဝဋ်မှာ အမြဲ ငရဲမှာ အပ"** ဟုလည်း ပြောကြပါသည်။ မြတ်စွာဘုရား ကိုယ်တိုင်ပင် ဝိပါတ်တော်ဆယ့်နှစ်ပါး ပေးဆပ်ခဲ့ ရကြောင်း ဖြစ်စဉ်ရှိခဲ့ပါသည်။

ဓမ္မသဘောအရမှာတော့ အတိတ်ဘဝက ပြုခဲ့သော ကံဟောင်းအကြောင်းကြောင့် ဒီဘဝမှာ ဝိပါကဝဋ်ခန္ဓာကြီး ရရှိလာကြပါတယ်။ ဒီခန္ဓာမှာ အကိန်းဓါတ်အဖြစ် အစွဲကိလေသာ အဝိဇ္ဇာတဏှာ ဥပါဒါန်တို့ ကိန်းလျက်ပါလာပါသည်။ ဒါက ကိလေသဝဋ်ပါ။ အရှိတရားရုပ်နာမ်ကို အသိမှားမှု အဝိဇ္ဇာ၊ နှစ်သက်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန်တို့ကြောင့်

ကာယ၊ ဝစီ၊ မနော (စေတနာ) တို့ဖြင့် အားထုတ်ကာ ကုသိုလ်၊ အကုသိုလ်ကံတွေ (ကံအသစ်များ) မြောက်စေပါသည်။ ဤကံများ (ကံအသစ်) သည် ကမ္မဝဋ်ဖြစ်ပါသည်။ စေတနာ (ကံ) ချုပ်သွားသော်လည်း ကံသတ္တိများကျန်ကာ ကိလေသာနှင့်ပေါင်းပြီး နောက်ဘဝခန္ဓာ **(ဝိပါကဝဋ်)** ပြန်ရစေပါသည်။ ဤသို့ဖြင့် -




ဤသို့ဖြင့်

ကံအဟောင်းကြောင့် ဝိပါကဝဋ်

→ ကိလေသဝဋ် → ကမ္မဝဋ် (ကံသစ်) → ဝိပါကဝဋ် ဖြစ်ရသဖြင့် ဝဋ် (၃)ပါး သံသရာလည်ကာ ကရွတ်ကင်းလျှောက် သလို ဖြစ်ကြရပါသည်။

ဤသို့ ဝဋ်လည်ရာတွင် အကြောင်းအကျိုးတွေ သံသရာလည်နေခြင်းဖြစ်ကြောင်း ဖန်ဆင်းရှင် တန်ခိုးရှင်၊ ပုဂ္ဂိုလ်သတ္တဝါ မပါကြောင်း သတိပြုနိုင်ပါသည်။

သံသရာမှာ ဝဋ်သုံးဖြာကို ဆွေးနွေးပြီးလျှင် နေ့စဉ်ဘဝမှာ ဝဋ်သုံးဖြာတို့ လည်နေသည်ကိုလည်း မြင်အောင် လေ့လာရမည်ဖြစ်ပါသည်။

## "နေ့စဉ် ဘဝမှာ ဝဋ်သုံးဖြာ"

နေ့စဉ်ဘဝမှာ သတ္တဝါတွေလုပ်နေကြသော အလုပ် (၆) မျိုးပဲရှိပါတယ်။ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ တွေးတယ် တို့ဖြစ်ပါတယ်။

ဒီစိတ်တွေဟာ ဝိပါကဝဋ်များဖြစ်ပါတယ်။ မြင်ပြီးမှ ကြားပြီးမှ စွဲလမ်းတပ်မက်မှုလာပြီး (ကိလေသဝဋ်) ကိုယ့်အလိုအတိုင်းဖြစ်အောင် ကာယ၊ ဝစီ၊ မနော (စေတနာ) တို့ဖြင့် အားထုတ်ပါတယ်။ အဲဒီတော့-

| **(ရှေ့စိတ်)** | **(နောက်စိတ်)** | |
|---|---|---|
| မြင်တယ် | စွဲလမ်းတယ် | အားထုတ်တယ် |
| ကြားတယ် | စွဲလမ်းတယ် | အားထုတ်တယ် |
| နံတယ် | စွဲလမ်းတယ် | အားထုတ်တယ် |
| စားတယ် | စွဲလမ်းတယ် | အားထုတ်တယ် |
| ထိတယ် | စွဲလမ်းတယ် | အားထုတ်တယ် |
| တွေးတယ် | စွဲလမ်းတယ် | အားထုတ်တယ် |
| (ဝိပါကဝဋ်) | (ကိလေသဝဋ်) | (ကမ္မဝဋ်) |
| (အကျိုး) | ဥပါဒါန် | အကြောင်း |

အထက်ပါဖြစ်စဉ်တွေဟာ နေ့စဉ် ဝဋ်လည်နေကြတာဖြစ်ပါတယ်။ လမ်းလျှောက်သွားရင်း

ပန်းလေးပွင့်နေတာတွေ့လို့ နှစ်သက်သွား၊ စွဲလမ်းသွားပြီ လှလိုက်တဲ့ပန်းကလေးဆို မနောမှာ ကံ ဖြစ်သွားတယ်။ ပါးစပ်ကလဲပြော၊ လက်ကခူးလိုက်၊ ခေါင်းမှာလည်း ပန်လိုက်ရင် ကာယ ဝစီ မနော ကံတွေနဲ့ ဝဋ်လည်သွားတာပါပဲ။

ကိုယ်ကြိုက်တဲ့ သီချင်းသံကြားလျှင်လည်း စွဲလမ်းမှုနဲ့ လိုက်ဆိုဖြစ်ကြပါတယ်။ ဘုန်းကြီးကျောင်းမှ တုံးခေါက်သံကြားလျှင် ခွေးလေးတွေက ဥပါဒါန်ကပ်ပြီး အူကြပါတယ်။ တစ်ကောင်အူရင် ခွေးအများ လိုက်အူတတ်ကြတာကလည်း ကြားတယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ် ဆိုတာပါပဲ။ လူတွေကတော့ ကုသိုလ်နဲ့ ဝဋ်လည်ပြီး ခွေးလေးတွေကတော့ အကုသိုလ်နဲ့ ဝဋ်လည်ကြရတာပါ။

ကိုယ်ကြိုက်တဲ့ ရေမွှေးအနံ့လေး၊ ပန်းအနံ့လေး ရလိုက်လို့ မွှေးလိုက်တာဆိုလည်း ဝဋ်လည်တာပါပဲ။

စားတဲ့ အခါမှာလည်း များသောအားဖြင့် ကိုယ့်အတိုင်းအဆနဲ့ ကိုယ်ပဲ စားလေ့ရှိကြပါတယ်။ တစ်ခါတလေ စားကောင်းရင် နောက်တစ်ပွဲထပ်ထည့်၊ ဟင်းရေသောက်ကောင်းရင် ကောင်းလိုက်တာဆိုပြီး တဇွန်းပြီးတဇွန်းသောက်နေကြတာ ဝင့်ရှုလည်နေတာပါပဲ။ မုန့်ဟင်းခါးလေး ကောင်းလိုက်တာဆို ဝင့်ရှုလည်တာပါပဲ၊ နောက်တစ်ပွဲဆိုပြီးတော့ အားထုတ်တတ်ကြပါသေးတယ်။

အိုက်တဲ့အခါ ယပ်တောင်လေး ခပ်ပြီး လေအေးလေးရဲ့၊ အထိအတွေ့မှာ နှစ်သက်နေကာ၊ တစ်ဖျပ်ပြီးတစ်ဖျပ် ခပ်ပြီးအားထုတ်နေတာ ဝင့်ရှုလည်နေတာပါ။

ကိုယ်နှစ်သက်ပျော်ရွှင်ရတဲ့ ကိစ္စလေးတစ်ခုရှိရင် ဥပမာ သမီးလေးက ဘာသာစုံဂုဏ်ထူးနဲ့ အောင်လို့ ဆုတက်ယူရတဲ့အတွေ့အကြုံလေး ခဏခဏပြန်တွေးပြီး တစ်ကိုယ်တည်း ပြုံးနေတတ်တာလည်း ဝင့်ရှုလည်

နေတာပါ။ အလိုမကျ ဒေါသဖြစ်စရာ ကိစ္စဆိုလည်း တစိမ့်စိမ့်ပြန်တွေးပြီး အိမ်မပျော်နိုင် ဖြစ်နေတာကလည်း ဝဋ်လည်နေတာပါပဲ။

ဒါကြောင့် နေ့စဉ်ဘဝမှာ မြင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ် ဆိုတဲ့ ဖြစ်စဉ်မှာ (မြင်တယ်) ဝိပါကဝဋ်၊ စွဲလမ်းတယ် (ကိလေသဝဋ်)၊ အားထုတ်တယ် (ကမ္မဝဋ်) တို့ နေထွက်မှ နေဝင်သည်အထိ ကျွန်မတို့ ရထားတဲ့ ဒီခန္ဓာ ဝိပါကဝဋ်ကြီးနဲ့ လည်နေကြရတယ် ဆိုတာ သတိပြုကြရမှာ ဖြစ်ပါတယ်။ ဒါဟာလည်း အစွဲဥပါဒါန်ကြောင့် ဖြစ်ကြရတာပါ။

## စွဲလမ်းတယ် (ဥပါဒါန်)

**"အနုသယကိလေသာ"** ဆိုသော ကိလေသဝဋ်မှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဖြစ်သော်လည်း ဥပါဒါန်က အလွန်ထင်ရှားတဲ့အတွက် ကိလေသဝဋ်ကို ဥပါဒါန်နဲ့

တင်စားပြောကြပါတယ်။ ပခုက္ကူဆရာတော်ဘုရားကြီးက **“(၃၁) ဘုံ အလုံးစုံ အကုန်ဥပါဒါန် ယှဉ်သတည်း”**လို့ မိန့်ခဲ့ပါတယ်။

အဝိဇ္ဇာက အမှန်တွေဖုံးပြီး အမှားဖေါ်ပါတယ်။ ဖော်သမျှ တဏှာက နှစ်သက်ပါတယ်။ ဥပါဒါန်က ပြင်းစွာစွဲလမ်းပြီး သူ့အလိုအတိုင်း လုပ်ပါတယ်။ ကာယ၊ ဝစီ၊ မနော (စေတနာ)နဲ့ အားထုတ်တော့ ကံဖြစ်ပြီး သံသရာလည်ရပါတယ်။ ဥပါဒါန်က အကုသိုလ်တရားပါ။

သမုတိနယ်မှာတော့အစွဲဆိုတာ မစားရမနေနိုင်၊ မမြင်ရ မနေနိုင်၊ မကြားရ မနေနိုင်ဆိုတာတွေပါ။ ပရမတ်နယ်ကအစွဲကတော့ ရုပ်နာမ်တွေကို ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ ဒြပ်ဝတ္ထုအခိုင်အမာစွဲယူနေခြင်းပဲ ဖြစ်ပါတယ်။

အစွဲ သုံးမျိုး ရှိပါတယ်။ လောဘစွဲ ၊ ဒေါသစွဲ၊

မောဟစွဲပါ။ မဟာဗောဓိမြိုင် ဆရာတော်ဘုရားက တော့ ကြိုက်စွဲ၊ မကြိုက်စွဲ၊ မသိစွဲ လို့ ဟောကြားပါတယ်။ ကြိုက်စွဲဆိုတာ ထင်ရှားပါတယ်။ စတိုးဆိုင် တစ်ခုထဲ မိသားစုဝင်သွားရင် သမီးကလည်း သူကြိုက်တာ၊ သားကလည်း သူကြိုက်တာ ယူကြတာပါပဲ။ ဆွမ်း ကျွေးတစ်ခုမှာ ဟင်းအမျိုးစုံထဲက ကိုယ်ကြိုက်တာ ကိုယ် နှိုက်စားကြတာပါ။

အိမ်မှာ ဒူးရင်းသီးဝယ်လာရင် ကြိုက်တဲ့ အဖွဲ့ကလည်း မွှေးလိုက်တာ မြန်မြန်ခွဲဆိုပြီး ဝမ်းသာ စွာ ပြောကြပေမယ့်၊ မကြိုက်တဲ့သူကတော့ နံလိုက်တာ ဝေးဝေးယူသွား ဆိုပြီးပြောပါမယ်။

ကြိုက်စွဲ၊ မကြိုက်စွဲက အတော်များများ သိကြ ပေမယ့် မသိစွဲ (မောဟစွဲ) က သဘောပေါက်မှု နည်း ပါတယ်။ မြတ်စွာဘုရားရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့် ဟောပြောညွှန်ပြမှ သိရတာပါ။

ဒီရုပ်နာမ်တွေကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး ယောက်ျား၊ မိန်းမ၊ ငါ့သား၊ ငါ့သမီး၊ ငါ့တိုက်၊ ငါ့ကားဆို စွဲနေတာကိုက မသိစွဲ မောဟစွဲပါ။

ကြည်နေတဲ့ အရောင်လေးမြင်ပြီး ရေဖြစ် နေတာလည်း မောဟစွဲပါပဲ။ ဖြူနေတဲ့ အရောင်မြင်ပြီး **"နွားနို့"** ဖြစ်နေတာ။ လင်းနေတာ မြင်ပြီး နေ့၊ မှောင်နေ တာမြင်ပြီး ည။ ခေါင်မိုးပေါ် **"ပေါက်ပေါက်"** အသံ ကြားရင် မိုးရွာတယ်လို့ စွဲယူနေကြတာတွေဟာ မောဟ စွဲတွေပါ။ မြတ်စွာဘုရားက ဒီမောဟကို အမောဟ ဖြစ်အောင် အားထုတ်ဖို့ ဝိပဿနာတရားကို ဟောဖော်ညွှန်ကြားခဲ့တာ ဖြစ်ပါတယ်။

## ဝဋ်သုံးပါးရပ်ရန်

ဝဋ်သုံးပါးလည်ပုံ သိရှိနားလည်ပြီးရင် ဝဋ်ရပ် ဖို့ အားထုတ်ကြရမှာဖြစ်ပါတယ်။ အကြောင်းတရားမှ

အကျိုးတရားဖြစ်တာဟာ အနတ္တ (သဘာဝ) ပယ်မရပါ။ ရုပ်နာမ်ကို ပုဂ္ဂိုလ်သတ္တဝါ ငါစွဲယူကာ၊ ငါစွဲနှင့် အားထုတ်တာ ငါမြင်၊ ငါကြား၊ ငါစား လုပ်တာတွေဟာ အတ္တတွေပါ။ အကျိုးတရားမှ အကြောင်းတရား ပြန်ဖြစ်တာ အတ္တပါ။ သံသရာလည်စေပါတယ်။ ဒီအကြောင်းတရားပြန်မဖြစ်အောင် လုပ်ကြရမှာ ဖြစ်ပါတယ်။

အတိတ်ဘဝက ကံအကြောင်းတရားကြောင့် ဒီဘဝ အကျိုးခန္ဓာဝိပါကဝဋ်ကြီးက အနတ္တ ဖြစ်ပါတယ်။ ပယ်လို့မရပါ

ကာယကံ<br>
ဝစီကံ<br>
မနောကံ } → အားထုတ်မှု ဆိုတဲ့ ကမ္မဝဋ်ကိုလည်း ပယ်လို့မရပါ။

**စွဲလမ်းမှုဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်ကို ပယ်ရမှာဖြစ်ပါတယ်။**

**ပခုက္ကူ ဆရာတော်ဘုရားကြီးက "ကာယကံ၊ ဝစီကံ၊ မနောကံ ပြုမည့်ကြံ ဥပါဒါန်ကို သတိပြု"** ကို ဆုံးမခဲ့ပါတယ်။

အနတ္တဖြစ်စဉ်အရ အကြောင်းချုပ်ရင် အကျိုးချုပ်ပါတယ်။ အကြောင်းကိလေသာ (ဥပါဒါန်) ချုပ်ရင် ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်ရပါတယ်။ တဒင်္ဂ ချုပ်ရင် တဒင်္ဂနိဗ္ဗာန်ပါ၊ အပြီးချုပ်ရင်တော့ ထာဝရနိဗ္ဗာန်ရမှာပါ။ မြတ်စွာဘုရားက မဟာဗောဓိပင်အောက် သက်တော် ၃၅ နှစ်မှာ ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်ကို ရရှိပါတယ်။ အကျိုးခန္ဓာချုပ်ရင်တော့ ခန္ဓာငြိမ်းတဲ့ နိဗ္ဗာန်ရပါတယ်။ မြတ်စွာဘုရား သက်တော် (၈၀)မှာ ပါဝါပြည် ကုသိနာရုံမှာ ခန္ဓာငြိမ်းတဲ့ နိဗ္ဗာန်ရခဲ့ပါတယ်။

ဝဋ်သုံးပါးမှာ အကြောင်းဝဋ် (၂) ပါး ရှိပါတယ်။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါ။ အကျိုးကတော့

ဝိပါကဝဋ်ဖြစ်ပါတယ်။ အကြောင်းကိလေသဝဋ်ချုပ်ရင် ကမ္မဝဋ်ချုပ် ဝိပါကဝဋ်လည်း ချုပ်ပါတယ်။ ဝဋ်သုံးပါးချုပ်တာ နိဗ္ဗာန်ပါ။

## ကိလေသဝဋ် ပယ်ရန်

ဝဋ်ရပ်ရန် ကိလေသဝဋ်ကို ပယ်ရမည် ဆိုတာသိပြီး ဘယ်လိုပယ်ရမလဲဆိုတာ ဆက်လက် လေ့လာရပါမယ်။ ဒီလိုပယ်ဖို့ ကိလေသာ ဘယ်မှာခိုလည်း ဆိုတာသိဖို့ မြတ်စွာဘုရားဉာဏ်တော်ကြီးနဲ့ ဟောဖော်ညွှန်ပြခဲ့တဲ့ **“စိတ်ဖြစ်စဉ်ကို”** သိရှိနားလည်ရမှာဖြစ်ပါတယ်။

စိတ်တွေဟာ အာရုံတွေလာတိုက်တဲ့ ခဏဒွါရတွေမှာ ဖြစ်ပါတယ်။ နေ့စဉ်ပြုလုပ်နေကြတဲ့ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေး အလုပ်တွေမှာ ကျမတို့သိတဲ့အခါ ဖြစ်စဉ်တစ်ခုလုံး သိကြပါတယ်။ အမှန်မှာတော့

ဒွါရ နှစ်ခုတွင် စိတ်ဖြစ်စဉ်ဖြစ်သွားတာပါ။

**ကိလေသဝင်ပေါက်ရန် ဒွါရ (၂) ခုတွင် (စိတ်ဖြစ်စဉ်)ကို သိရမည်။**

♦ မျက်စိကမြင်တယ် (အဆင်း) မနောကသိတယ်။

♦ နားကကြားတယ် (အသံ) မနောကသိတယ်။

♦ နှာခေါင်းကနံတယ် (အနံ့) မနောကသိတယ်။

♦ လျှာကစားတယ်(အရသာ) မနောကသိတယ်။

♦ ကိုယ်ကထိတယ် (အထိတွေ့) မနောကသိတယ်။

♦ ရှေ့မနောကကြံတယ် (အတွေး) နောက်မနောကသိတယ်။

(ရှေ့စိတ်) (နောက်စိတ်)

ရှေ့စိတ် = ရုပ်နာမ်(ကိလေသာမဖြစ်)
ကုသိုလ် အကုသိုလ်မဟုတ်

နောက်စိတ် = ပုဂ္ဂိုလ်၊ သတ္တဝါငါအယူအစွဲ (ကိလေသာရှိ)

➢ တစ်ကြိမ်မှာ နှစ်စိတ်ပြိုင်မဖြစ်။

➢ နောက်စိတ်ဥပါဒါန်(ကိလေသာ) နေရာမှာ သတိအစားထိုး။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တွေမှာ ဖြစ်တဲ့ စိတ်တွေကို (ငါးဒွါရမှာဖြစ်တဲ့) ပဉ္စဝိညာဏ် ခေါ်ပါတယ်။ ဒါတွေအားလုံးဟာ **“ရှေ့စိတ်”** တွေပါ။ လာတိုက်တဲ့ အာရုံတွေကို လက်ခံရာဌာနတွေပဲ ဖြစ်ပါတယ်။ ဒီရှေ့စိတ်တွေမှာ ကိလေသာ မဖြစ်ပါ။ ကုသိုလ်၊ အကုသိုလ်လည်း မဟုတ်ပါ။

မြင်တယ်ဆိုတဲ့ ကိစ္စမှာ မျက်စိရယ် အဆင်းရယ်က ရုပ်တရားတွေပါ။ မြင်စိတ်လေးက နာမ်တရားပါ။ ဒါကြောင့် မြင်တဲ့ ကိစ္စမှာ **“မြင်စိတ်”** ရုပ်နှင့် နာမ် (ခန္ဓာ ၅ ပါး)ပဲ ပေါ်သွားတာပါ။ ထို့အတွက် ကြားတဲ့ ကိစ္စမှာလည်း

နား + အသံ → ကြားစိတ် ရုပ်နှင့်<br>
ရုပ် + ရုပ် (နာမ်) နာမ်ပါပဲ

နံစိတ်မှာလည်း

နှာခေါင်း (ရုပ်)+အနံ့ (ရုပ်) → နံ စိတ်

(နာမ်တရား)ရုပ်နာမ်ပဲ ပေါ်ပါတယ်။

စားတယ်

လျှာ + အစာ(အရသာ) → စားစိတ်

ရုပ် ရုပ် နာမ် ရုပ်နာမ်

ထိတယ်မှာလည်း ဒီလိုပါပဲ

ခန္ဓာ + အထိအတွေ့ → ထိစိတ်

ရုပ် ရုပ် နာမ် ရုပ်နာမ်

မနောမှာ တွေးတောကြံစည်စိတ်တွေက ရှေ့မနောမှာပေါ်ပါတယ်။ ရှေ့မနောမှာ ပေါ်တာကို နောက်မနောက သိပါတယ်။ ဒီမှာတော့ နာမ်တရားတွေပဲဖြစ်ပါတယ်။

ရှေ့စိတ်တွေမှာ ယခုသိရတဲ့ အတိုင်း ရုပ်နာမ် (ခန္ဓာငါးပါး)ပဲ ပေါ်ပါတယ်။ အာရုံလာတိုက်ချိန် (ပစ္စုပ္ပန်ခဏ) တွေမှာပေါ်တာပါ။

ဒါပေမယ့် နောက်စိတ်မနောက ရှေ့စိတ်

တွေမှာ ပေါ်တဲ့အတိုင်း အာရုံကို အာရုံ (ရုပ်နာမ်) လို့ မသိပါဘူး။ သညာတွေ ပညတ် ဥပါဒါန်အစွဲတွေနဲ့ အပိုတွေ ထပ်ဆောင်းပြီးသိပါတယ်။ ရုပ်နာမ် မြင်သော်လည်း ပုဂ္ဂိုလ်သတ္တဝါ ငါ့သား ငါ့သမီးလို့ သိပါတယ်။

ကြည်နေတဲ့ အရောင်မြင်သော်လည်း မနောက ရေလို့သိပါတယ်။ (Dog) (ခွေး) ဆိုတဲ့ အသံကြားရင်လည်း အသံပဲလို့ မသိပါ။ ခေါင်းတွေအမြီးတွေနဲ့ ခြေလေးချောင်း သတ္တဝါခွေးလို့ မနောက သိပါတယ်။ **"အသံကြားရင် ငှက်သံ - ဥသြငှက်"** စသည်ဖြင့် မနောက သတ္တဝါပြု သိပါတယ်။

နှာခေါင်းက အနံ့ရလိုက်လျှင်လည်း ဒါ ပိတောက်ပန်းနံ့၊ ဒါခွေးသေကောင်ပုပ်နံ့ စသည့် ပညတ်တင်ပြီး စွဲယူထားတဲ့အတိုင်း မနောက သိပါတယ်။

စားတဲ့အခါမှာ လျှာက ချို ချဉ် ငံ စပ် ဖန်ခါး အရသာ (၆) ပါးပဲ သိသော်လည်း၊ မနောက ကြက်သား

ဝက်သားလည်း ပါပါတယ်။ ကော်ဖီ လက်ဘက်ရည်လည်း လုပ်ပါတယ်။

အမှန်တော့ လျှာပေါ်ကို ဘယ် ကြက်၊ ဝက်၊ ဆိတ်မှ မဝင်နိုင်ပါဘူး။ မနောက ဝက်သားဟင်းလေးကောင်းလိုက်တာ နှုးနေတာပဲ၊ ဆိတ်သားဟင်းက မညှီဘူး စသည့်ဖြင့် စွဲယူထားတဲ့အတိုင်း သိပါတယ်။

ဒီဖြစ်စဉ်တွေကြည့်ရင် ရှေ့စိတ်တွေမှာ ကိလေသာ မရှိဘဲ နောက်စိတ်မနောမှာ (ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထုအခိုင်အမာစွဲ) ကိလေသာရှိကြောင်း သိနိုင်ပါပြီ။ မြတ်စွာဘုရားက စိတ်ဖြစ်စဉ်ဟောခဲ့ရာ တစ်ကြိမ်မှာ နှစ်စိတ်ပြိုင်မဖြစ်ကြောင်း ဟောခဲ့ပါတယ်။ ထို့ကြောင့် နောက်စိတ် (ဉပါဒါန်) ကိလေသာနေရာမှာ **"သတိ"** အစားထိုးခြင်းအားဖြင့် ကိလေသာကို ပယ်ရမှာဖြစ်ပါတယ်။ နောက်စိတ်မှာ သတိရှိနေရင် ဉပါဒါန်က ဖြစ်ခွင့်ကို မရှိတော့တာပါ။

ရှေ့စိတ်မှာ ပေါ်သော ရုပ်နာမ်များသည် အကျိုးတရားများဖြစ်ပါသည်။ နောက်စိတ်မှာ ဥပါဒါန်ကပ်လျှင် အကြောင်းကံဖြစ်ပြီး သံသရာလည်စေပါသည်(ဥပါဒါနပစ္စယာ ကမ္မဘဝ)။ နောက်စိတ်မှာ သတိရှိလျှင် အကြောင်းကံချုပ်ပြီး ရုပ်နာမ်ချုပ်ပါသည်။ သံသရာပြတ်၏။

## ဥပါဒါန်နှင့် သတိ

ရှေ့စိတ်ပြီး နောက်စိတ်မှာ<br>
အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်= အယောနိသောမနသိကာရ<br>
ပုဂ္ဂိုလ်၊ သတ္တဝါအယူအစွဲ<br>
သတိရှိ = ယောနိသောမနသိကာရ<br>
ရုပ် ၊ နာမ် အမှန်မြင်<br>
(ယထာဘူတဉာဏ်ရရှိ)<br>
(အရှိအရှိအတိုင်းမြင်)

■ဥပါဒါန်ကြောင့် ကံဖြစ်၊ ကံကြောင့် သံသရာလည်။

■သတိကြောင့် ဉာဏ်ဖြစ်၊ ဉာဏ်ကြောင့် သံသရာရပ်။

■ဥပါဒါန်က အကုသိုလ်၊ သတိကုသိုလ်နှင့်ပယ်ပါ။

■ဥပါဒါန်က ရောဂါ၊ သတိဆေးနှင့် ကုပါ။

**"ပုဂ္ဂိုလ်မယူ နာမ်ရုပ်ယူ ထိုသူဥပါဒါန် ကင်းသတည်း"**

(ပခုက္ကူ ဆရာတော်ကြီး)

<u>**အကျဉ်းချုပ်**</u>

| **ဝိပါကဝဋ်**<br>မြင် ကြား နံ့ စား ထိ တွေး | **ကိလေသဝဋ်**<br>စွဲလမ်းမှု | **ကမ္မဝဋ်**<br>အားထုတ်မှု(ကံ) |
|---|---|---|
| သတ္တဝါ<br>အယောနိသောမနသိကာရ | အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် | ကာယ ဝစီ မနော<br>လော ဒေါ မော<br>ကု-အကုသိုလ် |
| နာမ်ရုပ်<br>ယောနိသောမနသိကာရ | သတိ(ပညာ) | ကံချုပ်<br>ဝဋ်ချုပ်၊ နိဗ္ဗာန် |

မဟာစည်ဆရာတော်ဘုရားကြီးက

- ♦ မြင် မြင်တယ်မှတ်
- ♦ ကြား ကြားတယ်မှတ်
- ♦ နံ နံတယ်မှတ်
- ♦ စား စားတယ်မှတ်
- ♦ ထိ ထိတယ်မှတ်
- ♦ တွေး တွေးတယ်မှတ် လို့မိန့်တော်

မူခဲ့ပါတယ်။ ဤကဲ့သို့ မှတ်နိုင်အောင် ကျင့်ရမည့် ကျင့်စဉ်ကတော့ ရှေ့စိတ်ပြီး နောက်စိတ်မှာ သတိရှိကာ အဝိဇ္ဇာ ပယ်ဖို့သာ လိုရင်းဖြစ်ပါသည်။ အဝိဇ္ဇာပယ်ရင် ဥပါဒါန်ဖြစ်ခွင့်ကို မရှိတော့တာပါ။ ဥပါဒါန်နှင့် မစွဲပါက မြင်ကာမတ္တ၊ ကြားကာမတ္တ စားကာမတ္တဖြစ်ပါမည်။ ကံမဖြစ်တော့ပါ။

## “ဥပါဒါန်က ဖြစ်ပျက်၊ သတိက မဂ်”

ရှေ့စိတ်ပြီးနောက်စိတ်မှာသတိရှိပါက ဥပါဒါန် ချုပ်၍ ပုဂ္ဂိုလ်သတ္တဝါ ငါအစွဲပြုတ်ပါမည်။ ရှေ့စိတ်မှာပေါ်သွားသော ရုပ်နာမ်ကို အမှန်အတိုင်း သိမြင်ကာ သမ္မာဒိဋ္ဌိဖြစ်ပါမည်။ သစ္စာ(၄)ပါးလည်း ဆိုက်ပါတော့သည်။

| | |
|---|---|
| ရုပ်နာမ်က | ဒုက္ခသစ္စာ |
| သတိက | မဂ္ဂသစ္စာ |
| ပယ်လိုက်တဲ့ ဥပါဒါန်က | သမုဒယသစ္စာ |
| နောက်ခန္ဓာမလာတော့တာက | နိရောဓသစ္စာဖြစ်ပါတယ်။ |

## ကိလေသာနှင့်နာမ်ရုပ်
## (ကိလေသဝဋ် နှင့် ဝိပါကဝဋ်) ခွဲခြားသိပါ

ခိုင်းတာက ကိလေသာပါ၊ ရုပ်နာမ်တွေက ကိလေသာခိုင်းသမျှ လုပ်ရပြီး၊ အပြစ်ပေးခံရတော့ ဒုက္ခခံရတော့ ရုပ်နှင့် နာမ်တွေပါပဲ၊ ကိလေသာက

နောက်ကမြှောက်ပေးပြီး လွတ်နေတာပါ။ ကျွန်မတို့ တွေဟာ အဖိုးအဖွားတွေ မိဘတွေ လုပ်ငန်းရှင် တွေ၊ ဆရာ ဆရာမ အရွယ်တွေ ဖြစ်နေကြပါပြီ။ နေ့စဉ်ဆက်ဆံနေရတဲ့ သားသမီးတွေ မြေးမြစ်တွေ တပည့်လက်သားတွေ ကျောင်းသားကျောင်းသူတွေ၊ မိတ်ဆွေ သူငယ်ချင်းတွေ အပေါ်မှာ ဒီခံယူချက်လေး သဘောပေါက်ထားဖို့ လိုပါတယ်။ နောက်ကွယ်မှ ကိလေသာ၏အပြစ်ကို သိရှိနားလည်ပြီး ရုပ်နာမ် (သတ္တဝါ) ကို အပြစ်မမြင်ဘဲ မေတ္တာကရုဏာနှင့် ခွင့်လွှတ် ပြုပြင် ပေးနိုင်ရမှာ ဖြစ်ပါတယ်။ ဒါမှ မိမိကိုယ်တိုင် ကိလေသာ ဖိစီးခြင်းမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ပခုက္ကူဆရာတော်ဘုရားကြီးက

- ဆဲချင်တာက ကိလေသာ
- ဆဲတာက ကမ္မ
- ဆဲသူက ဝိပါက ဆိုပြီး ရှင်းရှင်းလင်းလင်း

သိအောင် ဟောပြခဲ့ပါတယ်။ ဆဲအောင်မြှောက်ပေးသူက ကိလေသာပါ။ ဆဲလို့ အရိုက်ခံရအပြစ်ပေးခံရတော့ ရုပ်နာမ်ဖြစ်ပါတယ်။

ကိလေသာ မြှောက်ပေးလို့ ခိုးဆိုးလုယက်၊ လူသတ်ကြရာမှာလည်း ရုပ်နာမ်တွေပဲ အပြစ်ပေးခံရ ထောင်ချခံရတာပါ။ ကိလေသာခိုင်းပြီး ရုပ်နာမ်တွေ ဒုက္ခခံရတဲ့ သာဓက က ရေသဘင်ပွဲတော်မှာ ထင်းရှားလှပါတယ်။ နေတွေ တအားပူနေတဲ့အချိန် ကိလေသာ က လည်ချင်လို့ ရုပ်နာမ်တွေ နေပူခံ၊ ရေဒဏ်ခံပြီး လည်နေကြရပါတယ်။ နားထဲရေဝင်လို့ နားကိုက်၊ အပူရှုပ်ဖျားတော့ ရုပ်နာမ်တွေသာ ဒုက္ခရောက်ရတာပါ။

ကိလေသာကြောင့် အပြစ်လုပ်နေသူအပေါ် **"ကိလေသာကြောင့်"** ဆိုတာမြင်တတ်ရင် ကိုယ့်စိတ်မှာ ဒေါသကိလေသာမဖြစ်အောင် ဆင်ခြင်နိုင်မှာပါ။ ကမ္ဘာပေါ်မှာ စစ်ပွဲတွေဖြစ်ပြီး ရုပ်နာမ်တွေ

သေနေရတာကလည်း ဒီကိုလေသာကြောင့်ပါပဲ။

## သံဝေဂဉာဏ်အကြောင်းဖန်

ဒီဘဝမှာဝဋ်ခန္ဓာကြီးရရှိပြီး နေ့စဉ် ဝဋ်လည် နေကြရတာ သတိအားနည်းလို့ဖြစ်ပါတယ်။ သတိအား နည်းတာက သမာဓိ မရှိလို့ဖြစ်ပါတယ်။ သမာဓိမရှိတာ က ဝီရိယအားနည်းလို့ ဖြစ်ပါတယ်။ ဝီရိယ အားနည်းတာက သဒ္ဓါအားနည်းလို့၊ သဒ္ဓါအား နည်းတာက သံဝေဂဉာဏ် မရှိလို့ပါ။ သံဝေဂဉာဏ် မရှိတာက ပါရမီ အကြောင်းဖြည့်ဆည်းမှု နည်းလို့ ဖြစ်ပါတယ်။

အကြောင်းတွေဖြည့်ဆည်းခဲ့သူများမှာ အကြောင်းအရာ အသေးအဖွဲလေးပင် ဖြစ်လင့်ကစား သံဝေဂတရား လွယ်လွယ်ရကြပါတယ်။ ဆံဖြူတစ်ပင် တွေ့တာနဲ့ သားတော်ကို ထီးနန်းလွှဲအပ်ပြီး တောထွက်

တရားရှာမှီးသွားတဲ့ ဘုရင်ကြီးတစ်ပါးရဲ့ သာဓက ရှိပါတယ်။

မြတ်စွာဘုရားရဲ့လက်ထက်က အဖြစ်အပျက်လေးလည်း သာဓက ရှိပါသေးတယ်။ ဝါတွင်းသုံးလအတွင်း ဂါထာလေး (၂) ပုဒ်ကို ရအောင် မကျက်နိုင်ခဲ့တဲ့ အရှင်စူဠပန် ရဟန်းကြီးကို သူ၏နောင်တော် မဟာပန်ရဟန်းက သာသနာ့ဘောင်မှာ မနေနဲ့တော့ ဆိုပြီး လူထွက်စေပါတယ်။ ကျောင်းပေါက်ဝမှာ မြတ်စွာဘုရားနှင့်တွေ့ပြီး မြတ်စွာဘုရားက ပြန်လည်ခေါ်ဆောင်၍ ပုဝါဖြူလေးကို ပွတ်ကာပွတ်ကာနှင့် တရားရှုမှတ်စေပါတယ်။ ထိုအခါမှာ အရှင်စူဠပန် ရှေးဘဝတစ်ခုတွင် ဘုရင်ဖြစ်စဉ်က ခန္ဓာကိုယ်မှ ချွေးများကို တဘက်ဖြူနှင့် သုတ်ရင်း တဘက်ဖြူ ညစ်နွမ်းသွားသည်ကို သတိပြုမိသည့် ပါရမီ အထောက်အပံ့ကြောင့် တရားထူးရရှိပြီး ရဟန္တာဖြစ်သွားခဲ့ပါတယ်။ သို့ဖြစ်

ပါ၍ မည်မျှသေးငယ်သော အကြောင်းတရားဖြစ်စေ ဖြည့်ဆည်းထားပါက အချိန်ကျရောက်သောအခါ အထောက်အပံ့ ကောင်းဖြစ်လာမည်ဖြစ်သည် ဆိုတာကို သေချာစွာ မှတ်သားသင့်ပါတယ်။

လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ခဲ့ရသော ဘုရားလောင်းသည်လည်း သူနာ သူအို သူသေ ရဟန်း များမြင်ပြီး သံဝေဂဉာဏ်ရရှိပါသည်။ ပါရမီရင့်သန်သူများအတွက် သာမာန်ဖြစ်ရိုး ဖြစ်စဉ် ကပင် သံဝေဂဉာဏ်ရရှိရန် အကြောင်းတရား ဖြစ်စေပါသည်။

ယခုဘဝတွင် မိမိဖြည့်ဆည်းနိုင်သမျှ ဒါန သီလ သမထ ဝိပဿနာ ကုသိုလ်အမျိုးမျိုးကို ဝိဇ္ဇာ ရော စရဏ ဘက်စုံဖြည့်ဆည်းထားကြရမည် ဖြစ်ပါသည်။ **"ဒါလေးပဲလုပ်နိုင်တာ"** လို့ မထင်ထားပါနှင့်။ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ

အကြောင်းအရာများကို အခွင့်သာတိုင်း ဖြည့်ဆည်း ကြရမှာဖြစ်ပါတယ်။ ဖြည့်ဆည်းကြဖို့လည်း တိုက်တွန်းပါသည်။

အချုပ်ပြောရရင် အစွဲဥပါဒါန်ကြောင့် ကံဖြစ်၊ ကံကြောင့် သံသရာလည်ရတယ်။ သတိကြောင့် ဉာဏ်ဖြစ်ပြီး ဉာဏ်ကြောင့် သံသရာရပ်ရပုံကို သဘောပေါက်နားလည်ကြရမှာဖြစ်ပါတယ်။ ဝဋ်သုံးပါး ရပ်စေရန် ကိလေသဝဋ် ဥပါဒါန်ကို ပယ်ရမှာဖြစ်ပါတယ်။ ဝဋ်ချုပ်ရင် နိဗ္ဗာန်ရပါတယ်။ ကိလေသဝဋ်ကိုပယ်ဖို့ နောက်စိတ်မှာ "သတိ" ရှိကာ အဝိဇ္ဇာ ပယ်နိုင်ဖို့သာ အဓိကဖြစ်တယ်၊ အဝိဇ္ဇာ ပယ်ပြီးလျှင် ဥပါဒါန်ဖြစ်ခွင့် မရှိသဖြင့် ဥပါဒါန်ချုပ် ကံချုပ် ဝဋ်ရပ်မှာဖြစ်ပါတယ်။

ဤဖြစ်စဉ်ကို သဘောပေါက်နားလည်ပြီး ဥပါဒါန်ပယ်နိုင်သဖြင့် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်

၄၁

တည်းဟူသော သံသရာ မီးတောက်မီးလျှံကြီး အငြိမ်းတိုင် ချုပ်ငြိမ်းကာ အနုပါဒိသေသနိဗ္ဗာန်ကို ရရှိနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

ဒေါက်တာကြင်ကြင်မြင့်
ဝိသုဒ္ဓိမဂ် ဓမ္မလမ်း
၂၅/၇/၂၀၁၇